ရွှေပုထိုး(တ)ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပုထိုး(တ) ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေပုထိုး(တ)ကျေးရွာ
ပင်းတယမြို့နယ်

ရွေပုထိုး(တ)ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄


= ဈေး
= အုန်းကြီးကျောင်း
= စာသင်ကျောင်း
= ဝန်ထမ်းအိမ်
= ရဲတွင်း
= အိမ်
= ရေဖျောက်
= လမ်း

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရွှေပုထိုး(တ)ကျေးရွာသည်ပင်းတယမြို့နယ်မြောက်ဘက်တွင်တည်ရှိပြီးပင်းတယမြို့နှင့်သွာ
းလာရလွယ်ကူသည်။ကျေးရွာသည် ကုန်းမြင့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်း
ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ မိုးရာသီကာလတွင် စိုက်ပျိုးရေးအတွက် အသင့်အတင့်
အထောက်အကူပြုသည့် ကျေးရွာတည်ရှိရာသည် ကုန်းမြင့်ပိုင်းတွင် တည်ရှိပြီး ရေကြီးရေလျှံများ
ကင်းလွတ်ပါသည်။ကျေးရွာအနီးတွင် သစ်တောများနှင့် သီနှံစိုက်ခင်းများ ၊လယ်ကွင်းများ နှင့်
ဧော်ဂျီချောင်းလည်း ရှိပါသည်။မြေပြင်အနေအထားမှာ
ကုန်းမြင့်ဒေသနှင့်မြေပြန့်ဖြစ်သည်။လယ်ယာမြေများသည်စပါး၊ပဲပုတ်၊ကြက်သွန်ဖြူ၊မုန်ညင်း၊ဂျုံ၊ခ
ရမ်းချဉ်သီး၊အာလူး၊ငရုပ်သီး၊ကြက်သွန်နီ၊ပဲတောင့်၊ပဲစင်းငုံ၊ ပြောင်းနှင့် ပန်းနှမ်းတို့ကို အဓိကထား
စိုက်ပျိုးကြသည်။မြေနိမ့်ပိုင်းမှာ တစ်ခါတစ်ရံ ရေကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ
ကြုံတွေ့ရတတ်သည်။ကျေးရွာ၏ အနောက်ဖက်တွင် စိုက်ခင်းများ၊သစ်တောများ ၊အင်းယားကန်နှင့်
တပ်ကြီးကျေးရွာတို့ရှိပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော
များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့်
လယ်ယာမြေ အသင့်အတင့်ရှိကြပြီး ကုန်းမြင့်ဒေသတစ်ဝက်နှင့် မြေပြန့်ဒေသ အချို့ဖြစ်ကာ
မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတ
မထွက်ပါ။တောင်သူအချို့မှာ လယ်မြေဧက(၅၅)ခန့် ကိုသာ ဧော်ဂျီရေဖြင့် စပါးစိုက်ပျိုးပြီး
စပါးရိုက်ပြီးချိန်တွင် ခရမ်းချဉ်၊ကြက်သွန်ဖြူ၊မုန်ညင်း၊ပဲသီး စသည့်သီးနှံများ
စိုက်ကြသည်။မြေဆီအသင့်အတင့်ရှိသဖြင့် အထွက်နှုန်းပုံမှန်ရှိသည်။တောင်ယာတွင်
ပဲစင်းငုံ၊တောင်ယာစပါး၊ယာမြေဆီအားနည်းသဖြင့် သီးနှံအထွက်နှုန်းလျော့သည်။စပါးနှင့်
ကြက်သွန်ဖြူကို အဓိက စိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက ၂၀၀ ဧက ရှိပြီး
စပါး၊ပဲပုတ်၊ကြက်သွန်ဖြူ၊
မုန်ညင်း၊ဂျုံ၊ခရမ်းချဉ်သီး၊အာလူး၊ငရုပ်သီး၊ကြက်သွန်နီ၊ပဲတောင့်၊ပဲစင်းငုံ၊ ပြောင်းနှင့်
ပန်းနှမ်းတို့ကို စိုက်ပျိုးကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း ရှိသည်။ စိုက်ပျိုးရေး၊လူမှုရေး
၊ကျန်းမာရေးအတွက် ကျေးရွာတွင် ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းမှာ
စိုက်ပျိုးရေးဘဏ်၊အသေးစားချေးငွေတို့ရှိပါသည်။ ကျေးရွာအတွက် အသေးစား ငွေကြေးအဖွဲ့ကို

ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်ရာတွင် ဆောင်ရွက်မှုအား နည်းလာသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည် မြင့် တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့်ကြက်သွန်ဖြူတို့ကို အဓိက စိုက်ပျိုးကြသည်။ ကြက်သွန်ဖြူနှင့် ခရမ်းချဉ်၊မုန်ညင်း၊ပဲသီးစသည့်သီးနှံများစိုက်ပျိုးကြသည်။မြေဆီလွှာအသင့်အတင့်ရှိသဖြင့်အထွက်နှုန်းပုံမှန်ရှိသည်။ယာတွင် ပဲစင်းငုံ၊ပန်းနှမ်း တောင်ယာစပါးများ စိုက်ပျိုးကြပြီး မိုးတွင်းကာလတွင်သာ စိုက်ပျိုးနိုင်သည် မြေဆီအားနည်းသဖြင့် သီးနှံအထွက်နှုန်းလျော့သည်။ လယ်မြေကို ဇော်ဂျီဆည်ရေဖြင့် မိုးကာလတွင် စပါးစိုက်ပျိုးကြပါသည်။ဇော်ဂျီဆည်ရေဖြင့် လယ်မြေဧက(၅၅) ခန့်စိုက်ပျိုးနိုင်ပါသည်။နွေရာသီတွင် ရေရရှိမှုနည်းသည်။သီးနှံအထွက်နှုန်းမှာ ရာသီဥတုပေါ်တွင် မူတည်သည်။ မိုးခေါင်ပါက အထွက်နှုန်းနည်းသ်ည ဆီးနှင့်ကျသဖြင့် ပဲစင်းငုံ၊ခရမ်းချဉ်ပင်များ ပျက်စီးမှုရှိသည်။ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာ ပိုင်ဆိုင်မှုမရှိသည့်အိမ်များမှာ(၁)နာရီလျှင်(၃၅၀၀)နှုန်းဖြင့်ငှါးရမ်း အသုံးပြုရသဖြင့် စိုက်ပျိုးချိန်နောက်ကျခြင်း ရှိပါသည်။အချို့အိမ်များမှာ ကျွဲ၊နွား အသုံးပြု၍ ထွန်ယက်ရသည့် တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ် ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။အချို့တောင်သူ များမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက် စနစ်ကို သုံးကြသည်။တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ ကြက်သွန်စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနိုင်နှင်းရေး နည်းစနစ်ကို လိုလားနေကြ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်ဝက်မွေးမြူသူ နွား၊ ကျွဲ ၊ကြက် တပိုင်တနိုင် မွေးမြူသူများရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ

ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ကြက်ကိုလည်း ဒေသမျိုးကိုသာ မွေးကြပြီး စားဝတ်နေရေးအတွက် မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။မွေးမြူရေးလုပ်ငန်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တို့ချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ချေ ။ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေ သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့်ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြ သည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတု နှင့် အမျိုးအစားလိုက် တွက်ချေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးခြိန်များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော သင်တန်းများရှိကြသည်။ အပ်ချုပ်၊ စာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းမှာ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ထို့ကြောင့် အဆိုပါသင်တန်းများကို အခြေခံသင်တန်းကာလများဖြင့် ခေါ်ယူသင်ကြားပေးရန်နှင့် သင်တန်းများကို တက်ရောက်နိုင်ရန်အတွက် အသိပညာပေးရန် အထူးပင် လိုအပ်လှပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည်လယ်ယာစိုက်ပျိုးရေးဘဏ်ချေးငွေအဖွဲ့တွင် ချေးငွေကို အစိုးရဘဏ်(စိုက်ဘဏ်)တွင် ရရှိပြီး ပုံစံ(၇)မရှိသော အိမ်ထောင်စုများအတွက် ထုတ်ယူ၍ မရပါ ။ အဖွဲ့လိုက် ငွေစု၊ငွေချေး အသေးစားချေးငွေ ကျေးရွာတွင် လာရောက်၍

ငွေထုတ်ငွေချေးပေးပါသည်။စိုက်ဘဏ်ချေးငွေလည်း(၆)လ ချေးပေးပါသည်။ အတိုးနှုန်းမှာ ၇ပြားနှုန်းဖြစ်သည်။ ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် အဓိကထားချေးယူကြသည်။ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု အချို့သည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀)မှ (၂၀၀၀၀၀)ထိ ချေးယူကြောင်း တွေ့ရှိရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှမီးမရသေးသဖြင့်ဆိုလာမီးကိုသုံးစွဲလျက်ရှိပြီး အချို့မှာ ဖယောင်းတိုင်ကိုအသုံးပြုကြသည်။ကျေးရွာသားများသည်လျှပ်စစ်မီးရရှိမှုတွင်ကိုယ်အားကိုယ်ကိုး ဆိုလာစနစ်တပ်ဆင်ထားကြသည်။ထင်းခုတ်ယူမှုများပြားခြင်းကြောင့်သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။မီးလင်းအားနဲနေသောကြောင့် ပညာရေးကို ထိခိုက်စေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၀၂)လုံး၊ ရေဒီယို(၇)လုံး၊တီဗွီ(၂၀)လုံးနှင့် ဂြိုလ်တုစလောင်း(၈)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ် အတွက် တို့ကိုသာ တတ်မြောက်ကြပြီး

ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း တွင် တက်ရောက် သင်ကြား နိုင်သည်။ အထက်တန်း ပညာများကို ပင်းတယမြို့သို့ ဆက်လက်၍ ပညာသင်ကြား ကြရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲ ဖြစ်သည်။

၇။ ကျန်းမာရေး၊ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း များသောအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအမြင်ရှိကြသည်။ ပြဿနာတစ်ရပ်အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအပိုင်း၌ မြို့နယ်ပြည်သူဆေးရုံးနှင့် (၆)မိုင် ဝေးကွာခြင်းတို့ကြောင့် အရေပေါ်အခြေအနေများ ဖြစ်ပေါ်ခဲ့ပါက ပြဿနာတစ်ရပ် ဖြစ်ကြရသည်။ ကျေးရွာသူကျေးရွာသားများသည် ရွာ၏ပတ်ဝန်းကျင်မှ ထွက်သော ရေထွက်ချောင်းရေမှ ရေကို

အလွယ်တကူ သောက်ရေသုံးရေအဖြစ် အသုံးပြုကြသော်လည်း ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖိုက် ၊ အစာအိမ်ရောင် စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။မိုးအခါတွင် ပလပ်ဝိုင်းရေတွင်းကို မိုးရေလှောင်၍ အသုံးပြုရကြောင်း လေ့လာတွေ့ရှိရပါသည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စပါး၊ပဲပုတ်၊ကြက်သွန်ဖြူ၊မုန်ညင်း၊ဂျုံ၊ခရမ်းချဉ်သီး၊အာလူး၊ငရုပ်သီး၊ကြက်သွန်နီ၊ပဲတောင့်၊ ပဲစင်းငုံ၊

ပြောင်းနှင့်ပန်းနှမ်းစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်တတ်သောကြောင့်ပိုးသတ်ဆေးနှင့်ဓာတု မြေဩဇာသုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ယင်လုံအိမ်သာကိုသာအသုံးပြုကြသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ရွှေပုထိုး(တ)ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် – ရွှေပုထိုး(တောင်)		ကျေးရွာအမည် – ရွှေပုထိုး(တ)	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ကျောင်းပင်ပြပညာရေး	ကျောင်း အဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	KGဆောင်အခင်းခုံ ပြုလုပ်ခြင်း (၈' x ၄') (၈)လုံး	
၂	ရရေရှိရေး	သောက်သုံးရေ	ကျောင်းသုံးရေကန်တည်ဆောက်ခြင်း (၁၀' x ၈' x ၃')	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ရွာလယ်လမ်းတံတား(၄)စင်း တည်ဆောက်ခြင်း (၁၆' x ၅' x ၂' ၆")	
၄	ကျန်းမာရေး	ကျန်းမာရေး	ကျန်းမာရေးအတွက် ပို့ဆောင်ရေးယာဉ် ၊ ပညာပေးဟောပြောပွဲများ	
၅	လျှပ်စစ်	မဟာဓါတ်အားပေး စနစ်ဖြင့် မီးလင်းစရေးး	လျှပ်စစ်မီးရရှိရေး	

၆	ကျောင်းပင်ပြပညာရေး	ကျောင်း အဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်း	
၇	ချေးငွေ	အတိုးသက်သာသောချေးငွေ အဖွဲ့အစည်းနှင့်ချိတ်ဆက်ပေးခြင်း	လျှပ်စစ်မီးရရှိရေးအတွက်ချေးငွေရရှိနိုင်မှု	
၈	ကျောင်းပင်ပြပညာရေး	ကျောင်း အဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဝန်ထမ်းအိမ်ယာ	
၉	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်း	
၁၀	မွေးမြူရေး	မွေးမြူရေး	မွေးမြူရေးသင်တန်း ဖွင့်လှစ်ခြင်း	
၁၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ရွာလယ်လမ်း ပြုပြင်ခြင်း	
၁၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ထုတ်ကုန်ပစ္စည်းများ ရောင်းတန်းဝင်ရန် စျေးကွက်ရှာဖွေပေးနိုင်ရေး	

နောက်ဆက်တွဲ(၁)

ရွေပုထိုး(တ)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးကျော်နိုင်	ဦးလောဇင်			ဥက္ကဋ္ဌ		
၂	ဦးဖိုးထွေး	ဦးလှမောင်			အတွင်းရေးမှူး		
၃	ဦးမျိုးမင်း	ဦးသန်းတင်			ဒု-ဥက္ကဋ္ဌ		
၄	ဦးတင့်ကျော်ထွန်း	ဦးလောဇင်			စာရင်းကိုင်-၁		
၅	ဒေါ်ကျင်အိမ်	ဦးစံရီ			ဘဏ္ဍာရေးမှူး		
၆	ဒေါ်မိုးသင်း	ဦးချစ်ဆွေ			သော့ကိုင်-၁		
၇	ဒေါ်ခင်ညာ	ဦးဘသော်			သော့ကိုင်-၂		
၈	ဦးလှထွန်း(ခ)ဦးနီ	ဦးအောင်လှ			စာရင်းကိုင်-၂		

၉	ဦးစိုးလင်း	ဦးကျော်ရှိန်း			အဖွဲ့ဝင်		
၁၀	ဦးအောင်ချိန်	ဦးနေ			အဖွဲ့ဝင်		
၁၁	ဦးချစ်စိန်	ဦးကံပေး			တွဲဖက်အတွင်းရေးမှူး		

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူတည်ဆောက်မှုအခြေပြဇယား (တောင်ရွေပုထိုး)ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆင်း						
စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	KGကလေးများ အိပ်စက်သည့်အချိန်တွင် အအေးမိခြင်း	အခင်းခုံမရှိခြင်း			KGဆောင်အခင်းခုံ ပြုလုပ်ခြင်း (၈' x ၄') (၈)လုံး	KGဆောင်အခင်းခုံ ပြုလုပ်ခြင်း (၈' x ၄') (၈)လုံး
၂	ရေကိုလုံလောက်စွာအသုံးမပြုနိုင်ခြင်း	စာသင်ကျောင်းတွင် ရေသိုဇလှောင်ရန် ရေကန်မရှိခြင်း	စာသင်ကျောင်းဝင်းအတွင်း ရေပိုက်သွယ်တန်းရောက်ရှိပြီးဖြစ်ခြင်း		ကျောင်းသုံးရေကန်တည်ဆောက်ခြင်း (၁၀' x ၈' x ၃')	ကျောင်းသုံးရေကန်တည်ဆောက်ခြင်း (၁၀' x ၈' x ၃')
၃	မိုးရာသီတွင်လမ်းပေါ် ရေဝေျာ်၍ လမ်းပျက်စီးရခြင်း	ရေဆာ်တံတားမရှိခြင်း			ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	ရွာလယ်လမ်းတံတား(၄)စင်း တည်ဆောက်ခြင်း (၁၆' x ၅' x ၂' ၆")
၄	ကျေးရွာရှိလူများမကျန်းမာ၍ ဆေးရုံသို့ပို့ဆောင်ရာတွင် အခက်အခဲရှိခြင်း	လူနာတင်ယာဉ်မရှိခြင်း၊ ဗဟုသုတမရှိခြင်း			ကျန်းမာရေးအတွက် ပို့ဆောင်ရေးယာဉ် ၊ ပညာပေးဟောပြောပွဲများ	ကျန်းမာရေးအတွက် ပို့ဆောင်ရေးယာဉ် ၊ ပညာပေးဟောပြောပွဲများ
၅	ဆိုလာမီးကိုသာသုံးစွဲနေရသောကြောင့်မိုးရာသီတွင် ခက်ခဲခြင်း	လျှပ်စစ်မီးမရှိခြင်း			မြို့နယ်လျှပ်စစ်ခါတ်အားဖြန့်ဖြူးရေး ရုံးသို့ တင်ပြတောင်းခံခြင်း	လျှပ်စစ်မီးရရှိရေး
၆	စာသင်ကျောင်းဝင်းအတွင်းကွဲ၊ နွားများဝင်ရောက်ခြင်း၊ ကျောင်းသူ/သားများ မလုံခြုံခြင်း	ခြံစည်းရိုးမရှိခြင်း			စာသင်ကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်း	စာသင်ကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်း
၇	ကိုယ်ထူကိုယ်ထလျှပ်စစ်မီးသွယ်တန်းရန် ငွေမလုံလောက်ခြင်း	ကိုယ်ထူကိုယ်ထလျှပ်စစ်မီးသွယ်တန်းလိုခြင်း			အတိုးနှုန်းသက်သာသည့် ချေးငွေအဖွဲ့နှင့်ချိတ်ဆက်ရန်	လျှပ်စစ်မီးရရှိရေးအတွက်ချေးငွေရရှိနိုင်မှု
၈	ဝန်ထမ်းအမရာမရှိသောကြောင့် ဆရာ/မ များကျေးရွာတွင်း	ဝန်ထမ်းအိမ်ရာမရှိခြင်း			မြို့နယ်ပညာရေးဦးစီးဌာန သို့တင်ပြတောင်းခံခြင်း	စာသင်ကျောင်းဝန်ထမ်းအိမ်ယာ
၉	စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သီးနှံများအထွက်နှုန်းဆယ့်နည်းခြင်း	နည်းပညာမရှိခြင်း			မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့် လှစ်ခြင်း
၁၀	မျိုးကောင်းမျိုးသန့်များမွေးမြူရန် ခက်ခဲခြင်း	နည်းပညာမသိခြင်း			မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	မွေးမြူရေးသင်တန်း ဖွင့်လှစ်ခြင်း
၁၁	မိုးရာသီတွင်လမ်းပေါ် ရေဝေျာ်၍ လမ်းပျက်စီးရခြင်း၊	မြေသားလမ်းဖြစ်နေခြင်း			ရွာလယ်လမ်း ပြုပြင်ခြင်း	ရွာလယ်လမ်း ပြုပြင်ခြင်း
၁၂	သီးနှံများထွက်ရှိချိန်တွင် ဈေးကောင်းမရခြင်း၊ပွဲစားများ ဈေးကစားခြင်း	သီးနှံများတင်ပို့ရောင်းချရာတွင် ဈေးကွက်မရှိခြင်း			ထုတ်ကုန်ပစ္စည်းများ ရောင်းတန်းဝင်ရန် ဈေးကွက်ရှာဖွေပေးနိုင်ရေး	ထုတ်ကုန်ပစ္စည်းများ ရောင်းတန်းဝင်ရန် ဈေးကွက်ရှာဖွေပေးနိုင်ရေး

ရွှေပုထိုး(တ)ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

"နှစ်အလိုက် စီမံချက်လုပ်ငန်းများ"							
စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	KGဆောင်အခင်းခုံ ပြုလုပ်ခြင်း (၈' x ၄') (၈)လုံး	၁	✓				
၂	ဇကျာင်းသုံးရေကန်တည်ဆောက်ခြင်း (၁၀' x ၈' x ၃')	၂	✓				
၃	ရွာလယ်လမ်းတံတား(၄)စင်း တည်ဆောက်ခြင်း (၁၆' x ၅' x ၂' ၆")	၃	✓				
၄	ကျန်းမာရေးအတွက် ပို့ဆောင်ရေးယာဉ်၊ ပညာပေးဟောပြောပွဲများ	၄	✓	✓	✓	✓	✓
၅	လျှပ်စစ်မီးရရှိရေး	၅		✓			
၆	စာသင်ဇကျာင်းဝင်းအုတ်တံတိုင်းကာရံခြင်း	၆		✓	✓		
၇	လျှပ်စစ်မီးရရှိရေးအတွက်ဆျေးဆွေရရှိနိုင်မှု	၇		✓	✓		
၈	စာသင်ဇကျာင်းဝန်ထမ်းအိမ်ယာ	၈			✓	✓	
၉	စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့် လှစ်ခြင်း	၉		✓	✓	✓	✓
၁၀	မွေးမြူရေးသင်တန်း ဖွင့် လှစ်ခြင်း	၁၀			✓	✓	
၁၁	ရွာလယ်လမ်း ပြုပြင်ခြင်း	၁၁		✓	✓	✓	✓
၁၂	ထုတ်ကုန်ပစ္စည်းများ ရောင်းတန်းဝင်ရန် ဆျေးကွက်ရှာဖွေပေးနိုင်ရေး	၁၂		✓	✓	✓	✓